Thanksgiving Day Special
Volume 4 / Issue 11 / November / 2011
Enjoy free reading from B.C.F

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

### Thanksgiving

1Thessalonian 5:18

In everything give thanks…
Give thanks with a grateful heart.
Give thanks to The Almighty God.

The reasons I thank…
For His one and only begotten son… freedom and eternal life
For His loving… God's Children, families and friends
For His never ending grace…love, peace and joy
For His mercy…each new born day
For His provision…food, clothes and shelter
For His care… health, wealth and strength
For His guidance … fruitful and abundant
For His faithfulness… shield and rampart
For His hand print…all things and creatures

Now… in this Thanksgiving Day, we should thank…
Not only for thanksgiving table,
And but also for His goodness.

Let us come before Him …
With thanksgiving and shout aloud to the Holy God.
"God is good- all the time
All the time- God is good". Amen. ♠Smile

From one pumpkin to another!

A woman was asked by a coworker, "What is it like to be a Christian?"

The coworker replied, "It is like being a pumpkin. God picks you from the patch, brings you in, and washes all the dirt off of you. Then He cuts the top off and scoops out all the yucky stuff. He removes the seeds of doubt, hate, and greed. Then He carves you a new smiling face and puts His light inside of you to shine for all the world to see."




## The Meaning of Thanksgiving

By:Tha Myat Htet

It is that time of year again; it is the month of November, the month of Thanksgiving.

When we think about thanksgiving, the first thing that we imagine in our minds is a roasted turkey. The truth is; the roasted turkey is only the tip of the iceberg. There is much more to Thanksgiving than roasted turkeys, mashed potatoes, cranberry sauce and pumpkin pies.

So, what is the true meaning of Thanksgiving then?

Some people will say that it is a time to be thankful for everything that they have, but they are forgetting something.

They are forgetting "Who" gave them everything that they have. They are forgetting "God".

When people are thankful, most of the time, they are thankful because they got what they wanted. People are so centered around what they want that they forget about the "little" things that God had given us. The fact that you are breathing, that you have a home to come back to, that you have food to eat, that you are loved by someone, that you have a job, these are all the things that God had given you.

Now, think about what you have just read.

Answer this to yourself and answer it truthfully.

Am I being thankful for everything God has given me or am I being thankful because I got what I wanted?

"Giving thanks always for all things unto God and the Father in the name of our Lord Jesus Christ." Ephesians 5:20




ကျမ ရန်ကုန်မှာတုံးက ဘွဲ့ရပြီးတာနဲ့၊ အထက်တန်းစာရေးအဖြစ် အလုပ်စဝင်ခဲ့ပါတယ်။ တစ်နှစ်ကြာတော့ ဌာနခွဲ စာရေးကြီးအဖြစ် ရာထူးတိုးခဲ့ပေမဲ့၊ (၁၅)နှစ်ကြာ အလုပ် လုပ်ခဲ့ပါသော်လည်း ကားလည်းမပိုင်၊ အိမ်လည်းမပိုင်ခဲ့ပါဘူး။ မြန်မာပြည်က အမေရိကန်နိုင်ငံကို လာရာမှာလည်း ဒေါ်လာ ၁၀၀ ($100) အောက်ဘဲ (အတိအကျမမှတ်မိတော့ပါ)ယူလာခွင့်ပေးလို့၊ အဲဒါနဲ့ဘဲ အခြေစခဲ့ရပါတယ်။

အစပထမမှာတော့ အစမ်းခန့်အလုပ် (၂)ခု-(၃)ခု မှာတောင်မမြဲဘဲ အလုပ်ဖြုတ်ခံရလို့ မျက်ရည်ကျခဲ့ရပါတယ်။ ဆောင်းရာသီ ဝေလီဝေလင်းအချိန် ထပြီး၊ ဘတ်စ်ကားနဲ့အလုပ်ကို သွားရာမှာ တခါတလေ ဘတ်စ်ကားလွတ်သွားလို့ အလုပ်ကို လမ်းလျှောက်သွားရပါတယ်။ (၅)နှစ်ကြာပြီး၊ နိုင်ငံသား (Citizen) ရပြီးတဲ့နောက်၊ အိမ်ဝယ်ဖို့လုပ်ရာမှာလည်း အမှုဖြစ်လို့၊ အိပ်မက်ထဲတောင်မမက်ဘူးတဲ့ အထက်တရားရုံးအထိ တက်ရပြီး၊ တရားရှုံးလို့ ဒေါ်လာ ၂၅၀၀ ($ 2500) ဆုံး ခဲ့ရပါတယ်။ ဒီလိုအခက်အခဲ ပြဿနာအမျိုးမျိုးကို ကြုံတွေ့စေခြင်းဟာ၊ နောင်ကို ဒီထက်ကောင်းတဲ့အခြေအနေ ပေးဖို့ဖြစ်တယ်ဆိုတာကို နောက်မှ သိမြင်နားလည်ခဲ့ရပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပထမအိမ်ထက် အိပ်ခန်း လည်းများပြီး၊ ဈေးလည်းသက်သာတဲ့အိမ်ကို တရားရှုံးတဲ့နှစ်မှာဘဲ ဝယ်ယူနိုင်ခဲ့တာ ... ကျေးဇူးတော်ပါဘဲ။

ဒီအပြင်၊ မယုံကြည်နိုင်လောက်အောင်ပါဘဲ အိမ်ဝယ်ပြီး(၇)နှစ်အကြာမှာ အိမ်တန်ဖိုးငွေကို အပြီးပေးခြေနိုင်ခဲ့ပါတယ်။ ခုဆို အိမ်ဖိုး၊ ကားဖိုး အကြွေးကင်းရှင်းတဲ့၊ အိမ်ပိုင်ကားပိုင်ဘဝကို ရရှိနေတာဟာလည်း ... ကျေးဇူးတော်ပါဘဲ။

ဒီအတောအတွင်း ကားဘီးမှာ အပေါက်ရှိတာမသိဘဲ၊ Freeway ပေါ်က အမြန် Lane မှာ အမြန်မောင်းလို့ ကားမှောက်ပြီး ဖြစ်နိုင်ပေမဲ့၊ သန့်ရှင်းသောဝိညာဉ်ရဲ့ စောင့်ထိန်းလမ်းပြမှုကြောင့် အနေးဆုံး Lane အထိ အန္တရယ်ကင်းစွာနဲ့ မောင်းပြီးရှောင်နိုင်ခဲ့ပါတယ်။ ကားရပ်ပြီးကြည့်လိုက်ရာ ရှေ့ကားဘီးတာယာစုတ်ပြတ်ကွဲနေတာ တွေ့ရပါတယ် ... ကျေးဇူးတော်ပါဘဲ။

နောက်တစ်ခါ Freeway ပေါ်မှာဘဲ (၃)တန်ကားကြီး တိုက်လို့၊ သူ့ကားခေါင်းရှေ့မှာ ကန်လန့်ကြီးနဲ့ (၅)မိနစ်ခန့် ဒရွတ်တိုက် တွန်းသွားခြင်းခံရပေမဲ့၊ မှန်ကွဲစတွေစူးတဲ့ အပရိကဒဏ်ရာက လွဲလို့၊ သေကံမရောက် သက်မပျောက်ခဲ့ရတာလည်း ... ကျေးဇူးတော်ပါဘဲ။

နောက်ပြီး(၈)နှစ် အလုပ်လုပ်ခဲ့တဲ့ ကုမ္ပဏီပိတ်တော့လည်း အလုပ်လက်မဲ့ကာလ တစ်ရက်မျှမခံရဘဲ၊ သူဌေးက မိတ်ဆက်ပေးလို့ နောက်ကုမ္ပဏီတစ်ခုမှ ရွှေပြောင်းလုပ်ကိုင်နိုင်ရတာလည်း ... ကျေးဇူးတော်ပါဘဲ။

ကျမအိမ်ကို အိမ်ငှါးတင်ရာမှာလည်း (၃)နှစ်ဆက်တိုက် အမှုအခင်းကင်းစွာ အစစအရာရာ အဆင်ပြေစေတာလည်း ... ကျေးဇူးတော်ပါဘဲ။

လက်ချိုးရေတွက်၍ မကုန်နိုင်သော ကျေးဇူးတော် သီသီးအတွက် အဘဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းရင်း ... တတ်နိုင်သည့်ဘက်မှ ပြန်လည်၍ ပေးဆပ်ကြပါစို့။ ။

# Give Thanks

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

Give Thanks for the PAIN.
Give Thanks for the EXPERIENCE.
Give Thanks for the PAINFUL EXPERIENCE.

Give Thanks for the ACHE.
Give Thanks for the WOUND.
Give Thanks for the ACHING WOUND.

Give Thanks for the SORROW.
Give Thanks for the SUFFERING.
Give Thanks for the SORROWFUL SUFFERING.

Give Thanks for the DIFFICULTIES.
Give Thanks for the WORK.
Give Thanks for the DIFFICULT WORK.

And most of all,
Give Thanks for The SAVIOR.
Give Thanks for The LOVE.
Give Thanks for The SAVIOR'S LOVE.

Last but not least,
Give Thanks for The HOLINESS.
Give Thanks for The CROSS.
Give Thanks for The HOLY CROSS.

By:John Ma
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# ကျေးဇူးတော်ကိုချီးမွမ်းစို့

*ရေး–ကျောက်ခဲ*

၂၀၁၁–ခုနှစ်ကုန်ဆုံးရန် လပိုင်းသာကျန်တော့၏၊
၂၀၁၂–နှစ်သစ်သို့ ဝင်ရောက်ဖို့ရန်လည်း လပိုင်းသာလိုတော့၏၊
ကျွန်တော်တို့ကိုးကွယ်ယုံကြည်သောဘုရားသခင်၏ ကျေးဇူးတော်သည် ချီးမွမ်း၍ မကုန်နိုင်ပါ။

* * * * * * * * *



* တနင်္ဂနွေနေ့ မနက်တိုင်း ကျွန်တော် အလုပ်လုပ် နေတဲ့ ဘုရား ရှိခိုးကျောင်းChurch မှာတံခါးဖွင့်ဖို့လုပ်တဲ့အခါတိုင်း၊အပြင်ဖက်စင်္ကြံမှာ အိမ်ရာမရှိသူတွေ(၆)ယောက်(၇)ယောက်ဟာ၊ တန်းစီပြီး အိပ်နေကြတယ်။ကြည့်လိုက်တဲ့အခါ လူဖြူပါတယ်။လူမဲပါတယ်။အမျိုးသမီးများလည်းပါပါတယ်။ကျွန်တော်ရောက်တဲ့အခါ၊အသံအနည်းငယ် ပြုလိုက်တယ်ဆိုရင်၊မကြာခင်မှာဘဲ၊အသီးအသီးမိမိတို့ရဲ့အိပ်ယာလိပ်တွေကို သိမ်းပြီးထွက်သွားကြပါတယ်။

သူတို့ရဲ့ အခြေအနေတွေကို ကြည့်ပြီး၊ ကျွန်တော်တို့ရဲ့လက်ရှိအခြေအနေကို ပြန်ကြည့်လိုက်ရင်၊ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အလွန်ချီးမွမ်းဖို့လိုအပ်ပါတယ်။ ကျွန်တော်မှာ အဲဒီလိုမအိပ်ရဘူး။ကျွန်တော်တို့ရဲ့အိမ်မှာသော်၎င်း၊ Apartment မှာသော်၎င်း၊ ကောင်းကောင်းနေကောင်းကောင်းအိပ်ကြရပါတယ်။ ဒါအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းမိရဲ့လား။

* * ကျွန်တော်တို့ အိမ်ကိုသွားတဲ့လမ်းမပေါ်မှာ ကြည့်လိုက်ရင်၊ အလုပ်မရှိလို့၊ အလုပ်ကို ထပြီးစောင့်နေကြရတဲ့ သူတွေကို တွေ့ရတဲ့အခါ၊ ကျွန်တော်သူတို့ကို ကိုယ်ချင်းစာမိပါတယ်။သူတို့ခမြာဒီတိုင်းပြည်မှာစာရွက်စာတမ်းမရှိဘဲ၊ တရားမဝင်နေထိုင်လှုပ်ရှားနေကြရတယ်။ သူတို့ရဲ့ မိသားစု စားဝတ်နေရေး အတွက်နည်း အမျိုးမျိုးနဲ့လုပ်ကိုင် နေထိုင်ရပါတယ်။ ကျွန်တော်တို့ အနေနဲ့သူတို့ လောက် အခြေအနေ မဆိုးသေးပါဘူး။ လမ်းမပေါ်မှာထပြီး၊ အလုပ်တောင်းရ အခြေအနေမရှိသေးပါဘူး။ ကျွန်တော်တို့အများစုဟာစာရွက်စာတမ်းနဲ့နေထိုင်ခွင့်ရပါတယ်။ စာရွက်စာတမ်းရဖို့ ကြိုးစားနေတဲ့သူတွေလည်းရှိပါတယ်။ကျီးလန့်စာစားပြီးလုပ်ရတဲ့သူတွေ မရှိသေးပါဘူး။ဒါအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြရအောင်။

* * * ကျွန်တော် အလုပ်လုပ်တဲ့နေရာမှာ တနေ့တော့ အန္ဒိယမှမိတ်ဆွေတယောက်ကဆုတောင်းချက်တင်ပါတယ်။သူတို့ဆီက အချို့သောနေရာတွေမှာ ခရစ်ယာန်တွေကို သတ်ဖြတ်နေကြတယ်။ ခရစ်ယာန်တွေရဲ့ အိမ်မျးကို မီးရှို့ဖျက်ဆီးကြတယ်။ တော်တော်လေးကို ဒုက္ခရောက်နေကြရှာတယ်။ ကျွန်တော်တို့အနေနဲ့ ဘုရားသခင်ကို လွတ်လပ်စွာ ဝတ်ပြုကိုးကွယ် ခွင့်ရကြပါတယ်။ ဘာမှကြောက်စရာ မလိုပါဘူး။ ဒါတောင်မှ ဘုရားရှိခိုးဘို့ ပျင်းနေကြတယ်။ ဘုရားကျောင်းကို လာဘို့စိတ်မဝင်စားကြဘူး။ကျွန်တော်တို့ ပြန်စဉ်းစားပြီး၊ ဘုရားသခင်၏ ကျေးဇူးတော်တွေကို ချီးမွမ်းသီဆိုကြပါစို့။

* * * * တနေ့မှာ ကျွန်တော်ဟာ လွန်ခဲ့တဲ့နှစ်အနည်းငယ်က Church Directory ကိုကြည့်မိပါတယ်။ အဲဒီ Directory ထဲမှာ ရှိတဲ့ဓါတ်ပုံတွေကို ကြည့်တဲ့အခါ၊ ကျွန်တော် တချို့ကိုသိပါတယ်။ တချို့ကြတော့မျက်မှန်းတန်းမိပါတယ်။ ဒါပေမဲ့ အဲဒီဓါတ်ပုံထဲမှာ ရှိတဲ့လူအတော်များများဟာ ယခုအသက်မရှင်ကြတော့ပါဘူး။ ကွယ်လွန်ခဲ့ပါပြီး။ ပြန်ပြီးဆင်ခြင်ကြည့်တဲ့အခါ ကျွန်တော်တို့ကိုယခုထိဘုရားရှင် အသက်ရှင်ခွင့် ပေးခဲ့တာကို ကျေးဇူးတင်လျက် အသက်ရှင်တုံးမှာ ဘုရားရှင်အတွက်ဆက်ကပ်လှုပ်ရှားဘို့လိုအပ် ပါတယ်။

* * * * * ကမ္ဘာတဝှမ်းလုံးကို ကြည့်လိုက်တဲ့အခါ တချို့သော တိုင်းပြည်တွေမှာ စစ်မက်ဘေးဒဏ်ကြောင့်လူတွေ သေကြေပျက်စီးကြရတယ်။ မိသားစုတွေ ကွဲပြားသွားရတယ်။ တချို့သော တိုင်းပြည်တွေမှာသဘာဝဘေးဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့နဲ့ သေကြေရတယ်။ တချို့တိုင်းပြည်တွေမှာတော့အစာရေစာ ခေါင်းပါးလို့ သေကြေပျက်စီးကြရတယ်။

ကျွန်တော်တို့အနေနဲ့ ဒီမှာကောင်းကောင်းနေ ကောင်းကောင်းစား ကောင်းကောင်းသွားလာနိုင်ပါတယ်။ဒါတွေအားလုံးအတွက် ဘုရားရှင်၏ကျေးဇူးတွေကိုချီးမွမ်းဘို့လိုအပ်ပါတယ်။ကျေးဇူးတော်တွေဟာ ချီးမွမ်းလို့မကုန်နိုင်ပါ။

ဒီကနေ့ကစပြီး၊ကျွန်တော်တို့အားလုံးဘုရားသခင်ရဲ့ကျေးဇူးတော်တွေကို ရေတွက်ချီးမွမ်းတဲ့၊ အသက်တာနဲ့ဆက်လက်အသက်ရှင်ကြပါစို့။ ။

---



## ခံစားရ

## ဆုကျေးဇူး

## ကောင်းကြီးမင်္ဂလာ

\- John Ma -

တခါက ခရစ်ယာန်တယောက်သည် အလုပ်မှလခအနည်းငယ် တိုးခွင့်ရလိုက်သည်။ ဤကဲ့သို့ကုန်ဈေးနှုန်းကြီး၍ စီးပွားရေးခက်ခဲသောအချိန်တွင် လခအနည်းငယ် တိုးခွင့်ရလိုက်သောကြောင့် ဝမ်းသာစွာဖြင့် ဘုရာသခင်ကျေးဇူးတော်ကို ချီးမွမ်းလိုက်သည်။ တနင်္ဂနွေနေ့ အလှူငွေ ပေးသည့်အချိန်သို့ ရောက်လာသောအခါ ချီတုံချတုံဖြင့် မပေးရက်ပေးရက်နှင့် ပေးနေကျအလှူငွေထက် ပတ်တိုင်း $5.00 ပိုပေးရန် ဆုံးဖြတ်လိုက်သည်။ ဤခရစ်ယာန်သည် ကော်ဖီအလွန်ကြိုက်သဖြင့် အလုပ်လုပ်သောနေ့တိုင်း ကော်ဖီဆိုင်သို့သွား၍ ကော်ဖီတစ်ခွက်မှန်မှန် ဝယ်သောက်လေ့ရှိသည်။ ကော်ဖီတစ်ခွက်လျှင်$1.50ကျပါသည်။ တပါတ်ငါးရက်ရုံးတက်သဖြင့် အပတ်တိုင်း $7.50 ကုန်ကျသည်။ ဖြစ်ချင်တော့ သူ၏ရုံးသည် အငှါးစာချုပ်ရက်ပြည့်သွားသဖြင့် အခြားရုံးအဆောက်အအုံသစ်တခုသို့ ပြောင်းသွားရသည်။ ဤရုံးသစ်၌ ကော်ဖီစက် (Coffee Machine) အသစ်တစ်ခု တပ်ထားသဖြင့် ကော်ဖီလတ်လတ်ဆပ်ဆပ်ကို အခမဲ့သောက်

ခွင့်ရသည်။ ကော်ဖီဝယ်သောက်ရန် မလိုတော့သဖြင့် ရုံးတက်သည့်အပတ်တိုင်း $7.50 ပို၍သက်သာသွားသည်။ အပါတ်တိုင်း $5.00 ပိုလှူသော်လည်း ကော်ဖီဝယ်ရန်မလိုတော့သဖြင့် ပတ်တိုင်း $7.50 ကို ပြန်လည်ရရှိသည်နှင့်တူပါသည်။ တနည်းအားဖြင့် ဤခရစ်ယာန်သည် ပတ်တိုင်း $2.50ကို အသားတင်ပိုရလိုက်သည်။ သူသိလိုက်ပြီ။ ဤသည်မှာတိုက်ဆိုင်မှုမဟုတ်ပါ။ အဖဘုရားသခင်က ပြန်လည်ချပေးသနားတော်မူသော ဆုကျေးဇူးတစ်ရပ်ပင်ဖြစ်ကြောင်း သူနားလည်လာသည်။ ရှက်လည်းရှက်သွားသည်။ နောင်တလည်းရသည်။ အသင်းတော်၌ ဆရာတစ်ပါး၏ တရားဟောချက် တစ်ခုတွင်ပါသော ဖခင်တစ်ယောက်သူ့ကလေးကို မုန့်ဖိုးပေးသောဖြစ်ရပ်တစ်ခုကို ပြန်သတိရလာသည်။ တစ်ဆယ်ဒေါ်လာ မုန့်ဘိုးရလိုက်သောကလေးကို ဖခင်ဖြစ်သူက မုန့်ဘိုးထဲမှ ဘယ်လောက် ပြန်ပေးနိုင်မလဲလို့ ခလေးကို ချစ်စနိုးဖြင့်မေးလိုက်သည်။ ခလေးက ခဏလောက် စဉ်းစားလိုက်ပြီးမှ မပေးချင်ပေးချင်နှင့် တစ်ဒေါ်လာ ပြန်ပေးလိုက်သည်။ ခလေးထံမှ တစ်ဒေါ်လာ ပြန်ရလိုက်သော အဖေသည် ဝမ်းသာလုံးဆို့သွားသည်။ ဝမ်းသာလွန်း၍ ခလေးကို မုန့်ဘိုးနှစ်ဒေါ်လာ ပြန်ပေးလိုက်သည်။ တခါတရံ ကျွန်တော်တို့သည် ဤကဲ့သို့ပင် ကပ်စီးနည်းသောခလေးနှင့်တူသည် မဟုတ်ပါလား။

ကောင်းချီးမင်္ဂလာပို၍ ခံစားရသောအခါ အဖဘုရားသခင်၏ ဘဏ္ဍာတော်ထဲသို့ပြန်ထည့်ရန် သတိရဖို့လိုပါသည်။ ပစ္စည်းဥစ္စာပို၍လှူတိုင်း ပစ္စည်းဥစ္စာပို၍ ချက်ချင်းပြန်ရချင်မှ ရမည်။ သို့သော်လည်း အရာခပ်သိမ်းကို ပိုင်သတော်မူသော အဖဘုရားသခင်သည် တနည်းနည်းဖြင့် သင့်တော်သောဆုကျေးဇူးများကို သင့်တော်သောအချိန်တွင် ပြန်လည်ချပေးသနားတော်မူမည်မှာ မလွဲကေန် အမှန်ပင်ဖြစ်သည်။

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# PRAYER for THANKSGIVING

" Teach us, good Lord, to serve you as you deserve,
To give and not to count the cost,
To fight and not to heed the wounds,
To toil and not to seek for rest,
To labor and not to ask for any reward,
Save that we do your will; through Jesus Christ our Lord"

" Lord, may I be one with you in all that I say and do. Draw me close that I may glorify you and bear fruit for your kingdom. Inflame my heart with your love and remove from it anything that would make me ineffective or unfruitful in loving and serving you as My ALL. "

" Lord Jesus, through the gift of your Holy Spirit, you fill us with an indomitable spirit of praise and joy which no earthly trial can subdue. Fill me with your resurrection joy and help me to live a life of praise and thanksgiving for your glory. May I witness those around me the joy of the gospel and the reality of your resurrection. AMEN "

" You will know the truth and the truth will set your free. "John 8:32





~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~